# ဘုရားကြီးကုန်းကျေးရွာအုပ်စု၊သင်တောကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း







**မာတိကာ**

မာတိကာ


၁။ တည်နေရာနှင့် ပထဝီအခြေအနေ

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား-မရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယား

## ၁။ တည်နေရာနှင့် ပထဝီအခြေအနေ

သင်တောကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ အိမ်မဲမြို့နယ်၏မြောက်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး မိုးတွင်းကာလရေကြီးချိန်တွင် မြေနိမ့်ဒေသဖြစ်သောကြောင့် ကျေးရွာအနိမ့်ပိုင်းလယ်ကွင်းများ ရေးလွှမ်းမိုးမှုခံရတတ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ (၈၀) ခန့်ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါးပင်၊ ညောင်ပင်၊ ကုက္ကိုပင်၊ သရက်ပင်၊ ငုက်ပျောပင်နှင့် ပစ်မပင်တို့ ပေါက်ရောက်သည်။ မိုးစပါးစိုက်ပျိုးနိုင်သောလယ် (၄၄၆) ဧက၊ နှစ်ရှည်သီးနှံပင် (သရက်)၊ နွေစပါးစိုက်ပျိုးနိုင်သော လယ် (၁၅၀) ဧက ရှိသည်။ ရေသွင်းမြောင်းများမှ ရေကိုရေစုပ်စက်ဖြင့်စုပ်တင်ပြီး နွေစပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာအနီးတွင် မြစ်၊ ချောင်းများမရှိသော်လည်း မြေအောက်ရေရရှိနိုင်သောကြောင့် အဝီစိရေတွင်းများတူးပြီး ရေတင်စက်များအသုံးပြု၍ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင်သည်။

## ၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်သက်ဆိုင်သော သာရေးနာရေးလုပ်ငန်းကိစ္စများတွင် အမျိုးသား၊ အမျိုးသမီးအဖွဲ့၊ ချက်ပြုတ်ရေးအဖွဲ့၊ ဖြူစင်မေတ္တာလူငယ်အဖွဲ့၊ ဘုန်းကြီးကျောင်းဂေါပကအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျေးရွာအရန်မီးသတ်အဖွဲ့၊ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့၊ စိုက်ပျိုးမွေးမြူရေးအဖွဲ့၊ သာရေးနာရေးချက်ပြုတ်ရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် ဆောင်ရွက်မှုအသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။

ကျေးရွာလူငယ်မီးသတ်အဖွဲ့သည် နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ ကျေးရွာတွင် သာရေး၊ နာရေး၊ လူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လျှင်

ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ပြင်ပမှအသေးစားချေးငွေအဖွဲ့များနှင့် အစိုးရမဟုတ်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၏ဦးဆောင်မှုဖြင့်ဖွဲ့စည်းထားသော ကျေးရွာအဖွဲ့အချို့ရှိသော်လည်း သက်ဆိုင်ရာစီမံချက်လုပ်ငန်းအကောင်အထည်ဖော်ရုံသဘောမျှသာ ဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။

ခြုံငုံ၍သုံးသပ်ရလျှင် သာရေး၊ နာရေးကိစ္စများဆောင်ရွက်ရန် မိရိုးဖလာဖွဲ့စည်းထားသောအဖွဲ့အစည်းများကအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိုစီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ်မိုးစပါးစိုက်ပျိုးနိုင်ကြပါသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ မတ်ပဲဖြစ်ပါသည်။ ကျေးရွာတွင် မိုးစပါးစိုက်ပျိုးမြေ (၄၄၆) ဧကရှိပြီး မိုးစပါးစိုက်ပျိုးပြီးလယ်ကွက်များပေါ်တွင် မတ်ပဲကိုလည်း သီးထပ်အဖြစ် စိုက်ပျိုးကြပါသည်။ နှစ်စဉ်ကျေးရွာမှာ မိုးစပါးတင်းရေ (၃၁၂၂၀)တင်း၊ မတ်ပဲတင်းရေ (၄၄၆၀) တင်း၊ နွေစပါးတင်းရေ (၁၅၀၀၀) တင်းခန့်ထွက်ရှိသည်။ ရေသွင်းစနစ်ဖြင့် နွေစပါးစိုက်ပျိုးရာတွင် ကြဲပတ်စနစ်ဖြင့်စိုက်ပျိုးလေ့ရှိပြီး စက်တင်ဘာလတွင် စတင်စိုက်ပျိုးကြသည်။ နွေစပါးအထွက်နှုန်းမှာ နည်းစနစ်မှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်ပါက (၁၂၀) တင်း ဖြစ်၍ သီးထပ်ရင်၊ Q-1၊ ပခန်းစပါးမျိုးကိုအသုံးပြုစိုက်ပျိုးကြသည်။ မိုးစပါးကို မေလနှင့်ဇွန်လများတွင် စတင်စိုက်ပျိုးလေ့ရှိပြီး စက်တင်ဘာလတွင် ရိတ်သိမ်းကြသည်။ မိုးစပါးအထွက်နှုန်းမှာ (၁) ဧကလျှင်ပျမ်းမျှ (၇၀) တင်း ထွက်ရှိသည်။

စပါး၊ မတ်ပဲတို့အတွက် အကျိုးအမြတ်ရလဒ်အခြေအနေမှာ စပါးသည် အကျိုးအမြတ်အသင့်အတင့်ရှိသော်လည်း မတ်ပဲသည်ဈေးကောင်းမရရှိသောကြောင့် အကျိုးအမြတ်ရရှိမှုနည်းပါးပါသည်။ မိရိုးဖလာစိုက်ပျိုးနိုင်သော သီးနှံများကိုသာစိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းပါးလာသည့်အပြင် လက်မှုလယ်ယာမှာစက်မှုလယ်ယာသို့ ပြောင်းလဲလာသောကြောင့် လူငယ်များ

အလုပ်အကိုင်ရှားပါးလာပြီး ပြင်ပသို့ထွက်၍ဝင်ငွေရှာကြရပါသည်။

ရေသွင်းမြောင်းရရှိခြင်းသည် သီးထပ်စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းကောင်းတစ်ခုဖြစ်သည်။ သီးနှံထုတ်ကုန်များအတွက် ဈေးကွက်အချိတ်အဆက်နှင့် ရောင်းချရေးစနစ်များ၊ ဖွံ့ဖြိုးရေးအတွက်လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ကျေးရွာလူထုကစွမ်းဆောင်နိုင်ခြင်းမရှိပါ။

အခြားသားငါးထုတ်လုပ်ရေးကဏ္ဍအနေဖြင့်ကျေးရွာမှအိမ်ထောင်စုများသည် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်ကြပါသည်။

**(ဂ) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများအားလုံးသည် သန့်ရှင်းသောသောက်သုံးရေသုံးစွဲနိုင်ရန် အဝီစိရေတွင်းများရှိပြီး၊ ဂါလံ (၅၀၀၀) ဆံ့သော ကွန်ကရစ်ရေစည်ကို World Vision Myanmar နှင့် ကျေးရွာသူ/သားများမှစုပေါင်း၍ ဆောက်လုပ်ပေးထားပါသည်။ ကျေးရွာတွင်အိမ်ထောင်စု (၅၀) ခန့်သည်လည်း ကိုယ်ပိုင်အဝီစိတုံကင်များ သုံးစွဲနိုင်ကြသည်။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး ကျေးရွာနှင့် (၁) မိုင်ကျော်ခန့်ဝေးသော ဘုရားကြီးကုန်းကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ယူကြပါသည်။

၎င်းအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ယူရာတွင် နွေရာသီဌသင့်တင့်စွာကောင်းမွန်သော်လည်း မိုးရာသီတွင်ရွှံ့နွံများထူထပ်သောကြောင့် ကလေးများ (စက်ဘီးလဲခြင်း၊ လမ်းချော်၍ချော်လဲခြင်း) မကြာခဏဖြစ်ပွားခြင်း၊ ကျောင်းချိန်အမီသွားရန် ချော်လဲ၍တစ်ကိုယ်ရည်သန့်ရှင်းမှုများအတွက် အချိန်မပေးနိုင်ခြင်းနိုင်ခြင်းနှင့် သာရေးနာရေးအတွက်ပရဟိတမော်တော်ယာဉ်ရှိသော်လည်း မိုးတွင်းကာလတွင် လမ်းများမကောင်း၍ ဝင်ရောက်နိုင်မှုမရှိပါ။

ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆင်ဆိပ်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း မိုးတွင်းကာလအရေးပေါ်အခြေအနေများတွင် သွားလာရန်အလွန်ခက်ခဲပါသည်။ အကယ်၍ဆက်သွယ်ရေးလမ်းကောင်းမွန်ခဲ့လျှင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်စုံဖွံ့ဖြိုးသောကျေးရွာတစ်ရွာဖြစ်လာနိုင်ပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မိုးစပါးနှင့်နွေစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁) ဧကလျှင် (၁၅၀၀၀၀/-) ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပါသည်။ အခြားအသေးစားချေးငွေ ဝန်ဆောင်မှုများလည်း ရရှိနိုင်ပါသည်။ ၎င်းအဖွဲ့များမှာ PGMF, Vision Fund တို့နှင့် သမဝါယမအသင်းမှ ငွေစုငွေချေးအဖွဲ့လည်းရှိပါသည်။

**(င) ပညာရေး**

ကျေးရွာ၏ပညာရေး အဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံစာရေးစာဖတ်အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်းရှိပါသည်။အသက်မွေးဝမ်းကျောင်းကျွမ်းကျင်သည့် သင်တန်းများအတွက်ချိတ်ဆက်ဆောင်ရွက်ရန်အားနည်းသောကြောင့် လူငယ်များမှအသက်မွေးဝမ်းကျောင်းပညာနိမ့်ကျဆဲဖြစ်ပြီး ၎င်းအတွက်ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

**(စ) ကျန်းမာရေး**

ကျေးရွာသူ/သားများသည်အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါးပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါကူးစက်ခံရလေ့ရှိပါသည်။ မိသားစုများအတွက် နေ့စဉ်ဝင်ငွေအသင့်အတင့်ရှိသောကြောင့် ကျေးရွာရှိကျေးရွာသူ/သားများ၊ ကလေးသူငယ်များ အာဟာရဓာတ်ချို့တဲ့မှု မရှိကြပါ။ အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးရွာနှင့် (၁)မိုင်ခန့် ကွာဝေးသော ဆင်ဆိပ်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှ ရရှိပါသည်။ သို့သော် မိုးတွင်းကာလတွင် သွားလာရန်ခက်ခဲပါသည်။ ဆေးပေးခန်းတွင် ကျန်းမာရေးဝန်ထမ်း (၂) ဦးရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဝန်ဆောင်မှုများရရှိကြပါသည်။ ကလေးသူငယ်များအတွက် ကျန်းမာရေးကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ်ဆောင်ရွက်ပေးပါသည်။

**(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှလယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း၊ သီးထပ်စိုက်ပျိုးခြင်း၊ ဓါတုဗေဒကွန်ပေါင်းမြေသြဇာများအသုံးပြုခြင်း၊ သဘာဝမြေသြဇာများကိုလုံလောက်စွာ နှစ်စဉ်မထည့်သွင်းနိုင်သောကြောင့် မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရပါသည်။ ဆောင်းသီးနှံ၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲစိုက်ခင်းများတွင် ပိုးသတ်ဆေးများအသုံးပြုရသောကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကိုလိုက်နာဆောင်ရွက်ခြင်းများ အားနည်းနေသေးကြောင်းတွေ့ရှိရပါသည်။


**(စ) ကျား-မရေးရာ**

ကျား-မဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသော ကိစ္စများဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင်အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ်ရိုးရာ ယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းဆရာတော်၏ဦးဆောင်မှုဖြင့် တရားပွဲများကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားများနှင့်အတူတူ ပူးပေါင်းဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍနည်းပါးသောကြောင်းတွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးအထိ ကျား-မတန်းတူအခွင့်အရေးရှိပါသည်။



မြောက်
တောင်
ဘုန်းကြီးကျောင်း
ငါးမွေးကန်
စာသင်ကျောင်း
သင်္ချိုင်း

သင်တောကျေးရွာ၏ ဖွံ့ဖြိုးမှုအဖွဲ့များချိတ်ဆက်မှုပုံစံ



သင်တောကျေးရွာ၏ အလုပ်နှင့်လရာသီ

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ပွဲလမ်းသဘင် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | | သင်္ကန်းကပ်ပွဲ | | | မီးထွန်းပွဲ | ကထိန်အလှူပွဲ | | တရားစခန်းပွဲ | ထမနဲပွဲ | ဘုရားပွဲ |
| မိုးစပါး | | | စိုက် | စိုက် | | | | ရိတ်သိမ်း | ခြွေ | | | |
| ဆောင်းစပါး | ရိတ်သိမ်း | | | | | | | | စိုက် | စိုက် | | ရိတ် |
| ပဲအမျိုးမျိုး | ပဲခြွေ | | | | | | | မတ်ပဲ စိုက် | မြေပဲ စိုက် | | | ပဲနှုတ် |
| အလုပ်အကိုင် | | | မိုးစပါး | မိုးစပါး | ရေလုပ်ငန်း | ရေလုပ်ငန်း | | | | | | |
| ရာသီဥတု ရေရရှိမှု | | | ရှိ (အသင့်အတင့်) | ရှိ (များပြား) | ရှိ (များပြား) | ရှိ (အသင့်အတင့်) | ရှိ (အသင့်အတင့်) | | | အအေးများ | | |
| ကျန်းမာရေး | | | | တုပ်ကွေး | | | | ရာသီပြောင်း | | | | |
| ဝင်ငွေ / ထွက်ငွေ | | | | | | | | | | | | |
| သဘာဝ ဘေးအန္တရာယ် | | | | ရေကြီး / နစ်မြုပ် | ရေကြီး / နစ်မြုပ် | | | | | | | |
| ဆွေးနွေး ဘုတ်ကျေး / ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | ဝမ်းပျက် ဝမ်းလျှော | | တုပ်ကွေး | တုပ်ကွေး | | | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး (သီးနှံ)** | | | | | |
| | • ရေနုတ်မြောင်းကောခြင်း | • ရာသီဥတု/သဘာဝဘေးအန္တရာယ်ကြောင့်စိုက်ပျိုးရေးသီးနှံများအထွက်တိုးမှုနည်းလာ၍စီးပွားရေးကျပ်တည်းခြင်း<br>• မိုးတွင်းကာလတွင်ကျောင်းသူ/သားများအတွက်အန္တရာယ်ရှိခြင်း<br>• ရေစီးရေလာမကောင်းသောကြောင့်ခြင်များပိုမိုပေါက်ဖွားလာမှုကြောင့်ကျောင်းသူ/သားများ၏ကျန်းမာရေးထိခိုက်လာခြင်း | • လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း | • ရေနုတ်မြောင်းတိမ်ကောနေခြင်းအားပြန်လည်တူးဖော်ရန်ငွေကြေးအင်အားမတတ်နိုင်ခြင်း | • စိုက်ပျိုးရေးအတွက်တောင်သူများစုစည်းကာဆွေးနွေးတိုင်ပင်ညှိနှိုင်းဆောင်ရွက်ရန်<br>• အလှူရှင်များ၊ စက်ယန္တရားပိုင်ကုမ္ပဏီများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်<br>• သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်၍ဆောင်ရွက်ခြင်း | • ရေနုတ်မြောင်းအနက်နှိုက်ခြင်း |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၂ | လမ်း၊ လျှပ်စစ် | | | | | |
| | • ကျေးရွာချင်းဆက်လမ်းမကောင်းခြင်း | • ရာသီမရွေးအသုံးပြုရန်ခက်ခဲခြင်း<br>• ပညာရေး၊ ကျန်းမာရေးနှင့်ပတ်သက်၍သွားလာရခက်ခဲခြင်း<br>• ကုန်ထုတ်ပစ္စည်းများသယ်ယူပို့ဆောင်ရာတွင်လမ်းမကောင်းသောကြောင့်အခက်အခဲရှိခြင်း | • သင့်တင့်သောငွေကြေးထည့်ဝင်နိုင်ခြင်း<br>• ကျေးရွာသူ/သားများလုပ်အားပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း<br>• ကျေးရွာချင်းဆက်လမ်းသည်အမာခံကျောက်များရှိခြင်း | • ဦးစီးဆောင်ရွက်မည့်သူမရှိ၍ကျေးရွာချင်းဆက်လမ်းအားမဆောင်ရွက်နိုင်ခြင်း<br>• ကုန်ထုတ်ပစ္စည်းများဈေးကွက်မီရန်လမ်းပိုင်းမကောင်းသောကြောင့်ငွေကြေးအင်အားမပြည့်စုံခြင်း | • အလှူရှင်များ၊ ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ရန်<br>• စည်းလုံးမှုအားကောင်းသောအဖွဲ့အစည်းများနှင့်စည်းလုံး၍ဆောင်ရွက်ခြင်း<br>• သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • (၁၂၀၀ ’ ×၆ ’ ×၆”) ကွန်ကရစ်လမ်းခင်းခြင်း |
| | • ကျေးရွာတွင်းလမ်းသွားလာရခက်ခဲခြင်း | • ကျောင်းသူ/သားများအတွက်ကျောင်းတက်ချိန်တွင်သွားလာရေးခက်ခဲခြင်း<br>• ရာသီမရွေးသွားလာရန်အတွက်လမ်းမကောင်းခြင်း | • ကျေးရွာသူ/သားများလုပ်အားပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း | • စည်းရုံးလှုံ့ဆော်မည့်သူမရှိခြင်း<br>• ရွာတွင်းလမ်းပြုပြင်ရန်အတင့်အသင့်ငွေကြေးအင်အားမရှိ ခြင်း | • ကျေးရွာတွင်းအလှူရှင်များ၊ပြင်ပအလှူရှင်များနှင့်အဖွဲ့အစည်းများအားချိတ်ဆက်ဆောင်ရွက်ခြင်း<br>• သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • အသိပညာ၊ဗဟုသုတနည်းပညာတိုးပွားစေရန်မြို့နယ်တွင်ဖွင့်လှစ်သောသင်တန်းများတက်ရောက်ခြင်း<br>• (၁၂၀၀ ’ ×၇ ’ ×၆”) ကွန်ကရစ်လမ်းခင်းခြင်း |

## ဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | • လျှပ်စစ်မီးမရရှိခြင်း | • ကျောင်းသူ/သားများအနေဖြင့်ကျေးရွာတွင်အဆင်ပြေသောမီးအလင်းရောင်ဖြင့်သာစာဖတ်နေရခြင်း<br>• ထင်းလောင်စာဖိုးထွက်ငွေများအကုန်အကျများနေခြင်း<br>• ချက်ပြုတ်ရခြင်းများအချိန်ကုန်၍အခြားတစ်နိုင်တစ်ပိုင်လုပ်ငန်းများတွင်မလုပ်ကိုင်နိုင်သောကြောင့်ဝင်ငွေနည်းပါးခြင်း | • မဟာဓါတ်အားလိုင်းဖြတ်သန်းသွားသောနေရာနှင့်ကျေးရွာမှာ (၇) မိုင်သာဝေးခြင်း<br>• မြေနေရာများရှိခြင်းနှင့်ကျေးရွာသူ/သားများမှပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခြင်း | • လျှပ်စစ်ဓါတ်အားလိုင်းသွယ်တန်းရန်အတွက်ပြည့်စုံလုံလောက်သောငွေကြေးများမတတ်နိုင်ခြင်း<br>• စနစ်တကျဖွဲ့စည်းထားသောအဖွဲ့အစည်းစနစ်ကောင်းများလိုအပ်ခြင်း | • ကျေးရွာမီးလင်းရေးအတွက်ကော်မတီဖွဲ့စည်းခြင်း<br>• ကျေးရွာတွင်းအလှူရှင်များ၊ပြင်အလှူရှင်များ၊ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း<br>• သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးခြင်း | • လျှပ်စစ်မီးလင်းရေးစီမံချက် |
| ၃ | **ကျန်းမာရေး** | | | | | |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
| --- | --- | --- | --- | --- | --- | --- |
| | • ကျန်းမာရေးဆေးပေးခန်းမရှိခြင်း | • ကျေးလက်နေပြည်သူများအတွက်ကျန်းမာရေးဆောင်ရွက်မှုများမဆောင်ရွက်နိုင်ခြင်း<br>• ကျေးလက်ဆေးပေးခန်းနှင့်ကျေးရွာမှာ (၁) မိုင်ကျော်အကွာအဝေးတွင်ရှိနေခြင်း | • ကျေးရွာမှမြေနေရာပေးနိုင်ခြင်း<br>• သူနာပြုဆရာမရှိခြင်း<br>• လူအင်အားပါဝင်မှုရှိခြင်း | • ကျန်းမာရေးဌာနခွဲ(၁) မိုင်ကျော်တွင်ရှိသော်လည်းသွားလာရေးအတွက်လမ်းပိုင်းအားကောင်းမွန်စွာအသုံးမပြုနိုင်ခြင်း<br>• ငွေကြေးပြည့်စုံမှုမရှိခြင်း | • ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | • ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း |

## သင်တောကျေးရွာမှ အဆိုပြုသော စီမံချက်များအတွက် ဦးစားပေး အမှတ်ပေးဇယား

| စဉ် | စီမံချက်လုပ်ငန်းအမည် | အကဲဖြတ်အမှတ်ပေးသူ (၁) | အကဲဖြတ်အမှတ်ပေးသူ (၂) | အကဲဖြတ်အမှတ်ပေးသူ (၃) | အကဲဖြတ်အမှတ်ပေးသူ (၄) | အကဲဖြတ်အမှတ်ပေးသူ (၅) | အကဲဖြတ်အမှတ်ပေးသူ (၆) | အကဲဖြတ်အမှတ်ပေးသူ (၇) | အကဲဖြတ်အမှတ်ပေးသူ (၈) | အကဲဖြတ်အမှတ်ပေးသူ (၉) | အကဲဖြတ်အမှတ်ပေးသူ (၁၀) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | (၂၀၀၀ ' ×၆ ' ×၆") ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၂ | (၁၆၀၀ ' ×၆ ' ×၆") ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၂ |
| ၃ | မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း | ၈ | ၉ | ၁၀ | ၉ | ၁၀ | ၁၀ | ၉ | ၁၀ | ၁၀ | ၁၀ | ၉၅ | ၃ |
| ၄ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၁ | ၅ | ၁၀ | ၉ | ၅ | ၅ | ၅ | ၇ | ၅ | ၇ | ၅၉ | ၄ |
| ၅ | ရေနုတ်မြောင်းအနက်နှိုက်တူးဖော်ခြင်း | ၃ | ၆ | ၁၀ | ၁၀ | ၅ | ၅ | ၄ | ၅ | ၄ | ၄ | ၅၆ | ၅ |

**ဦးစားပေးစီမံချက်များအား ရွေးချယ်ခြင်း**

**အိမ်မဲမြို့နယ်၊ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ သင်တာကျေးရွာ**

**ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် အချိန်ကာလဇယား**

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ရမှတ် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|---|
| ၁ | (၂၀၀၀ ' ×၆ ' ×၆") ကျေးရွာချင်းဆက်လမ်းကွန်ကရစ်ခင်းခြင်း | ၁ | ၁၀၀ | - | | | | |
| ၂ | (၁၆၀၀ ' ×၆ ' ×၆") ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၂ | ၁၀၀ | | - | | | |
| ၃ | မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးသွယ်တန်းခြင်း | ၃ | ၉၅ | | | - | | |
| ၄ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၄ | ၅၉ | | | | - | |
| ၅ | ရေနုတ်မြောင်းအနက်နှိုက်တူးဖော်ခြင်း | ၅ | ၅၆ | | | | | - |

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း

## သင်တောကျေးရွာ၊ ဘုရားကြီးကုန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးခင်မြင့် | ၁၄/ အမန (နိုင်) ၀၇၂၈၉၉ | ၆၆ နှစ် | ဥက္ကဋ္ဌ | ၀၉-၇၈၈၄၇၉၄၇၆ |
| ၂ | ဦးကျော်ဆန်းဦး | ၁၄/ အမန (နိုင်) ၀၀၄၀၄၉ | ၄၇ နှစ် | အတွင်းရေးမှူး | ၀၉-၇၈၆၃၉၁၉၇၅ |
| ၃ | ဒေါ်သိန်းစိုး | ၁၄/ အမန (နိုင်) ၀၁၀၄၄၆ | ၄၉ နှစ် | စာရင်းကိုင် | - |
| ၄ | ဦးသန်းဦး | ၁၄/ အမန (နိုင်) ၀၀၄၀၄၅ | ၄၆ နှစ် | ဘဏ္ဍာရေးမှူး | ၀၉-၂၆၂၆၅၅၀၁၀ |
| ၅ | ဦးတင်အုန်း | - | ၄၂ နှစ် | သော့ကိုင်- ၁ | - |
| ၆ | ဦးသန်းစိုး | ၁၄/ အမန (နိုင်) ၀၀၀၄၈၉ | ၄၉ နှစ် | သော့ကိုင်- ၂ | ၀၉-၄၂၂၅၀၉၂၇၃ |
| ၇ | ဒေါ်ပုလဲအိ | ၁၄/ အမန (နိုင်) ၁၂၅၅၄၈ | ၂၇ နှစ် | အဖွဲ့ဝင် | ၀၉-၇၆၁၇၈၄၃၆၉ |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအားသုံးသပ်ရန် အထောက်အကူပြုဇယားများ

### (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၄ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၁၅ | ၁၀ | ၂၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၁ | ၂၇ | ၄၈ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၂၇ | ၂၃ | ၅၀ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၆ | ၁၇၈ | ၃၆၄ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၁၅ | ၃၁ |
| **စုစုပေါင်း** | | **၂၆၇** | **၂၅၇** | **၅၂၄** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၂၄၃** | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် ကျား (၂၆၇) ဦး၊ မ (၂၅၇) ဦး၊ စုစုပေါင်း (၅၂၄) ဦးရှိကြောင်း၊ အလုပ်လုပ်ကိုင်သူဦးရေမှာ (၅၁.၁%) ရှိပြီး အမျိုးသမီးများမှာအလုပ်လုပ်ကိုင်မှု နည်းပါးသည့်အတွက် အလုပ်လုပ်ကိုင်ဖန်တီးပေးပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| **မြေအမျိုးအစား** | **ဧရိယာ(ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၄၄၆ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ(ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၄၄၆** | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊

မှတ်ချက်။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား - ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။** ။ သင်တောကျေးရွာတွင် ယာမြေ၊ တောင်ယာမြေမရှိခြင်း၊ ဓနိမြေမရှိခြင်းစသည့်အချက်များကိုလေ့လာတွေ့ရှိရပါသည်။ ၎င်းအပြင် မြေလွတ်၊မြေလပ်များမရှိသည်ကို တွေ့ရှိရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက် ☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား)။** ။ သင်တောကျေးရွာတွင် ဓါတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်၊ သယံဇာတများထွက်ရှိမှုမရှိပါ။ သို့ရာတွင် အရေးပါသောဆေးဖက်ဝင်အပင်များ အနည်းငယ်ပေါက်ရောက်ပါသည်။

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | Vision Fund | ၁☑ ၂☐ ၃☐ | ၃ | ၂ | ၅ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၃ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၄ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၆ | | ၁▢ ၂▢ ၃▢ | | | | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး ▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ▢<br>ညံ့ ▢ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။သင်တောကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းရှိပါသည်။ စီးပွားရေးအတွက်သက်ဆိုင်ရာအဖွဲ့အစည်းများမှချေးငွေများကိုထုတ်ချေးပေးပါသည်။ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးအတွက် လူငယ်ပရဟိတအဖွဲ့မှ ဆောင်ရွက်ပေးပါသည်။

## (၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၁၄ | ၂၇ | ၅၈ | ၄၄ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက် (အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား) ။** ။ လယ်ယာမြေပိုင်ဆိုင်မှုနည်းပါးခြင်း၊ အဆင်မပြေသောအိမ်ထောင်စုများပြားခြင်း၊ ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှုများမရှိခြင်း၊ အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အိမ်ထောင်စုများနည်းပါးခြင်းစသည့်အချက်များကို လေ့လာတွေ့ရှိရပါသည်။

### (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၃ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၁၉ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂၇ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၁၄ | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၁၄၃ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့်အခြား) ။** ။ သင်တောကျေးရွာတွင် စိုက်ပျိုးနိုင်သောမြေဧရိယာမှာ (၄၄၆) ဖြစ်ပါသည်။ အဓိကသီးနှံထုတ်ကုန်မှာ စပါးနှင့် မတ်ပဲတို့ဖြစ်ပါသည်။ မိုးတွင်းအခါတွင်သီးနှံများကိုလွယ်ကူစွာ မရိတ်သိမ်းနိုင်ပါ။ သီးနှံပေါ်ချိန်တွင် ဈေးနည်းပါးသောကြောင့် အခက်အခဲများတွေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၂.၂) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | |
| မိုးစပါး | ၄၄၆ | တင်း | ၅၀ | ၇၀ | ၆၀ | ဇွန် | နိုဝင်ဘာ | မြင့် ☐ လတ် ☐ နိမ့် ⊟ | မြင့် ☐ လတ် ⊟ နိမ့် ☐ |
| နွေစပါး | ၁၅၀ | တင်း | ၅ | ၁၀ | ၁၀ | စက်တင်ဘာ | ဧပြီ | မြင့် ⊟ လတ် ☐ နိမ့် ☐ | မြင့် ⊟ လတ် ☐ နိမ့် ☐ |
| မတ်ပဲ | ၄၄၆ | တင်း | ၈၀ | ၁၀၀ | ၉၀ | ဧပြီ | မတ် | မြင့် ☐ လတ် ⊟ နိမ့် ☐ | မြင့် ☐ လတ် ⊟ နိမ့် ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် အဓိကသီးနှံများမှာစပါးနှင့်မတ်ပဲတို့ဖြစ်ပါသည်။ အထွက်နှုန်းမှာအသင့်အတင့်ရှိပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆ | ၁၅ |
| နို့စားနွား | | |
| ကျွဲ | | |
| မြင်း | | |
| မြည်း | | |

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| လား | | |
| ဆိတ် | | |
| သိုး | | |
| ဝက် | ၃၉ | ၇၈ |
| ကြက် | ၅၀ | ၉ |
| ဘဲ | ၉ | ၂၃ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းများလုပ်ကိုင်ကြသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲများအတွက် ဒေသမျိုးကိုသာမွေးမြူကြသည်။ မွေးမြူရေးလုပ်ငန်းတိုးတက်စေရန် နည်းပညာနှင့် ရောဂါကာကွယ်ထိန်းချုပ်ရန် အထူးလိုအပ်ပါသည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုလာရောက်ဆောင်ရွက်ပေးခြင်းအားနည်းပါသည်။

## (၄.၄) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း/အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓါတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁ | ၂ | - | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | | | | |
| ၇ | လက်လီ-လက်ကား ရောင်း ဝယ်ရေး | ၁ | ၃ | ၁ | လတ် |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆောင် မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်း ခြင်းနှင့်ဆက်စပ်သောလုပ်ငန်း များ | | | | |
| ၁၂ | ပညာရေး | ၁ | ၄ | ၁၅ | လတ် |
| ၁၃ | ကျန်းမာရေး | | | | |
| ၁၄ | လူမှုရေးလုပ်ငန်းများ | ၁ | ၁ | ၁ | လတ် |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများ မှအပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၂၇ ဦး | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် ကျဘမ်းအလုပ်သမားများအနေဖြင့် ဝင်ငွေရရှိရန် စိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေရပါသည်။ အသက်မွေးဝမ်းကျောင်းနည်းပညာရရှိနိုင်မှု အားနည်းပြီး နည်းပညာနှင့်ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုများနည်းပါးပါသည်။ ပညာရေးဝန်ထမ်းများအသင့်အတင့်ရှိပါသည်။

## (၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး**<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | အိမ်မဲ | ပုသိမ် |
| ရွာမှအကွာအဝေး (မိုင်)<br>(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ဝ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐<br>၅ မှ ၁၀ မိုင် ☐ ၁၀ မှ ၁၅ မိုင် ☐<br>၁၅ မိုင် အထက် ☐ | ဝ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐<br>၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင် အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |
| ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။) | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း ☐ အဝတ်အထည် ☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊ပရိဘောဂများ ☐ ပစ္စည်းစုံဝန်ဆောင်မှုစုံရနိုင် ☐ | စားသောက်ကုန် (ကုန်စိမ်း၊ ကုန်ခြောက်) ☐ မီးဖိုချောင်သုံးနှင့် အိမ်သုံးပစ္စည်း ☐ အဝတ်အထည် ☐<br>ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ ☐<br>ပစ္စည်းစုံ ဝန်ဆောင်မှုစုံ ရနိုင် ☐ |

| ဈေးကွက်လက်လှမ်းမီမှု | **အနီးဆုံးဈေး**<br>(အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | **အကြီးစားဈေးကွက်**<br>(အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအခြေခံအဆောက်အဦ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ကောင်း ☑ သင့် ☐ ညံ့ ☐ |
| ဝန်ဆောင်မှု | ကောင်း ☐ သင့် ☑ ညံ့ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာသည် အနီးဆုံးကုန်သွယ်ရာ အိမ်မဲမြို့နှင့် (၃) မိုင်ကွာဝေးပါသည်။ လယ်ယာလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ သင်တောကျေးရွာမှာ လမ်းမကြီးဆီသို့ ကျောက်ကြမ်းလမ်းတစ်ဝက်၊ မြေလမ်းတစ်ဝက်ဖြင့်သွားရပါသည်။ အိမ်မဲမြို့သို့အများအားဖြင့် စက်ဘီး ဆိုင်ကယ်၊ ထော်လာဂျီ၊ ခြေလျင်ဖြင့် သွားလာရပါသည်။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုးအစား | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက်သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☑ | ပွင့်လင်းရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁ ☑ ၂ ☐ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☐ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁ ☐ ၂ ☑ ၃ ☐ ၄ ☐ ၅ ☐ | ကောင်း ☐ သင့် ☑ ညံ့ ☐ | ၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက် ☑ | ပွင့်လင်းရာသီ ☑ တစ်နှစ်ပတ်လုံး ☐ | ၀-၁ မိုင် ☐ ၁-၅ မိုင် ☑ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ မြေသားလမ်း-၁၊ကျောက်ခင်းလမ်း-၂၊ ကျောက်ချောလမ်း-၃၊ ကွန်ကရစ်-၄၊ ကတ္တရာလမ်း-၅။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာ၏ ကျေးရွာချင်းဆက်လမ်းသည် ကျောက်ခင်းလမ်းဖြစ်၍ မိုးရာသီတွင်သွားလာရခက်ခဲလျက်ရှိပါသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း (၂၀၆၀'× ၇'×၆") အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ဆိုပါက ကျောင်းသူ/သားများ၊ သက်ကြီးရွယ်အိုများ၊ ကျေးရွာသူ/သားများအတွက် သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် သယ်ယူပို့ဆောင်ရေးများ ယခင်ကထက်အဆင်ပြေချောမွေ့နိုင်သည်ဟု လေ့လာတွေ့ရှိရပါသည်။

## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✔ ခြစ်ပါ။)

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(မိုင်) | ယာဉ်အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ☑ | ၁ ☐ ၂ ☐ ၃ ☐ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် ရေကြောင်းပို့ဆောင်ရေးအတွက် မြစ်ကြောင်းနှင့် ပင်လယ် ရေကြောင်းများမရှိပါ။ ကုန်းလမ်းကိုသာအဓိကထားအသုံးပြုကြပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုး အစား | လှေ၊ သမ္ဗာန် | စက် လှေ | စက် ဘီး | မော်တော် ဆိုင်ကယ် | သုံးဘီး ဆိုင်ကယ် | ထော် လာဂျီ | ကား | မြင်း လှည်း | နွား လှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | ၁၁ | - | ၅၇ | ၆၃ | - | ၁၆ | ၂ | - | - |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် နွေရာသီနှင့် ဆောင်းရာသီတို့တွင် ကုန်းလမ်းဖြင့် သွားလာနိုင်ပြီး၊ မိုးရာသီတွင် ရေလမ်းဖြင့်သွားလာကြပါသည်။ ကုန်စည်စီးဆင်းမှုတွင် ကုန်းလမ်းကိုသာ အများဆုံး အသုံးပြုဆောင်ရွက်ကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် | အခက်အခဲ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| ဆိုလာစနစ် | ၈၂ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| အသေးစားရေအားလျှပ်စစ် | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| ဒီဇယ်သုံးအင်ဂျင် | ၃ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| လေစွမ်းအင် | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| ဇီဝလောင်စာ | | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်း မပြုနိုင်သောလျှပ်စစ်ဓာတ်အားပေးစနစ် | ၅၈ | ကောင်း ☐ သင့် ☐ ညံ့ ☐ မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐ |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | | ☐ | ☐ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် ဆိုလာမီးသုံးစွဲနိုင်သောအိမ်ခြေမှာ (၈၂) အိမ်ရှိပြီး ဒီဇယ်အင်ဂျင်သုံးစွဲသော အိမ်ခြေ (၃) အိမ်ရှိပြီး ကျန်အိမ်ခြေများမှာ ဖယောင်းတိုင်နှင့် ရေနံမီးကိုသာ သုံးစွဲနိုင်သော အိမ်ခြေများသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၁၃၀ | ၅၀ | ၅၉ |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် MPT, Telenor, Ooredoo လိုင်းများ ကောင်းမွန်စွာ ရရှိပါသည်။ သတင်းအချက်အလက်များကို ရေဒီယိုနှင့် တီဗွီများမှ ကြည့်ရှုနိုင်ပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတတ်နှုန်း

ဇယား (၁၆) ကျောင်းတတ်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၉ | ၂၇ | ၅၆ |
| အလယ်တန်း | ၁၆ | ၁၄ | ၃၀ |
| အထက်တန်း | ၈ | ၁၀ | ၁၈ |
| တက္ကသိုလ်/ကောလိပ် | ၄ | ၆ | ၁၀ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်/ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် **'ဘုန်းကြီးကျောင်းသင်ပညာရေး'** ကို သင်ယူဆည်းပူး **သတ်မှတ်ချက်များနှင့်အညီ** သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် လက်ရှိမူလတန်းတက်ရောက်နေသူဦးရေမှာ (၅၆) ဦးရှိပြီး အလယ်တန်းပညာသင်ကြားသူဦးရေ စုစုပေါင်း (၃၀) ဦး၊ အထက်တန်းပညာသင်ကြားသူဦးရေ စုစုပေါင်း (၁၈) ဦး၊ တက္ကသိုလ်တက် ရောက်သူမှာ (၁၀) ဦးရှိပြီး ပညာရေးတွင်ကောင်းမွန်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| ခ။ ရွာမှအကွာအဝေး(မိုင်) | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ |
| ဃ။စာသင်ကျောင်း၏စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ) | ၂၇၀၀' | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ☐ သင့် ☐ ညံ့ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စ။ ကျောင်းသုံးပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ |
| ဇ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| စု။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၂ | ၄ | ၆ | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား×အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။ ။** သင်တောကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး မူလတန်းပြီးဆုံးပါက အ.ထ.က (ဘုရားကြီးကုန်း) ကျောင်းသို့ သွားရောက်သင်ယူနေရပါသည်။ မိုးတွင်းကာလတွင် သွားလာရခက်ခဲသဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက နောင်လာနောင်သားများပညာရေးကို ပိုမိုကောင်းမွန်စွာသင်ကြားနိုင်မည်ဟု လေ့လာတွေ့ရှိရပါသည်။ ကျောင်းဆောင်အကျယ်အဝန်းမှာ (၈၀'× ၆၀') တစ်ထပ်ကျောင်းဆောင်ရှိပါသည်။ ကျောင်းတွင်ပရိဘောဂအသင့်အတင့်ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁) ဦးနှင့် ဆရာ (၁) ဦး၊ ဆရာမ (၃) ဦးနှင့် အထွေထွေလုပ်သား (၁) ဦးရှိပါသည်။ ကျောင်းတွင်အာဟာ ရတိုက်ကျွေးမှုများမှာလည်း ဆရာ/မများမှဖြစ်မှတိုက်ကျွေးဖြစ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား(၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၃ | ငှက်ဖျား | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | HIV,AIDS,လိင်မှတစ်ဆင့်ကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | တီဘီ | မြင့် ☐ နိမ့် ☑ မရှိ ☐ |

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၇ | ဆီးချို | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၈ | သွေးတိုး | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၉ | အသဲရောဂါ (ဘီ၊ စီ) | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | အခြားကူးစက်နိုင်သော ရောဂါများ | မြင့် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိလူနေအိမ်များမှာ အမှိုက်သရိုက်များကိုစနစ်တကျစွန့်ပစ်သဖြင့် ငှက်ဖျား၊ ကူးစက်ရောဂါ၊ အသည်းရောဂါ (တီဘီ၊ ဆီးချို၊ သွေးတိုးရောဂါများသည် အနည်းငယ်ဖြစ်ပေါ်လျက်ရှိပါသည်။ သင်တောကျေးရွာတွင် သာမန်ဖျားနာခြင်း၊ နှာစေးခြင်းစသည့်ဖျားနာမှုများမှာ ဖြစ်လေ့ဖြစ်ထရှိသောကြောင့် ကျန်းမာရေးအတွက်စိုးရိမ်ဖွယ်ရာမရှိပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၁၉)    လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | **ရှိ** | **မရှိ** |
|---|---|---|---|
| ၁ | အဆုပ်ရောဂါ | | ✔ |
| ၂ | ဆုံဆို့၊ကြက်ညှာ၊မေးခိုင်နှင့် အသည်းရောင်အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင်(ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရပညာပေး အစီအစဉ် | ✔ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် မိခင်များသည်ကိုယ်ဝန်ဆောင်ချိန်မှစ၍ မေးခိုင်ကာကွယ်ဆေးကိုပုံမှန်သွားရောက်ထိုးပေးပါသည်။ လသားအရွယ်ကလေးများကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်း၊ အသည်းရောက်အသားဝါနှင့် ပိုလီယိုကာကွယ်ဆေးများကိုလည်း ပုံမှန်သွားရောက်ထိုးပေးပါသည်။ (၉) လနှင့် (၁) နှစ် (၆)လ အရွယ်ကလေးများကို ဝက်သက်ကာကွယ်ဆေးထိုးနှံပေးပါသည်။ စာသင်ကျောင်းများတွင်လည်း သံဓါတ်အားဆေး၊ သံချဆေး၊ အစုလိုက်ဦးနှောက်အမြေးရောင်ကာကွယ်ဆေးထိုးနှံခြင်းများကိုလည်း ကျန်းမာရေးဌာနမှလာရောက်လုပ်ဆောင်ပေးပါသည်။ သင်တောကျေးရွာမှ အလှူရှင်များကလည်း ဓမ္မစကူး(လ်)ကျောင်း၊ စာသင်ကျောင်း၊ မူကြိုကျောင်းများတွင်လည်း တစ်ပတ်တစ်ခါအာဟာရများ ကျွေးမွေးပါသည်။

### (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး(မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| တိုက်နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ်ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင် အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| ဆေးဆိုင် | ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်ရှိသည် ☐<br>ရွာတွင် (သို့မဟုတ်) ရွာအနီးအနားတွင် ဆေးဆိုင်ရှိသည် ☐ | ဆေးဆိုင်တွင် ဆေးဝါးများကို စနစ်တကျသိုလှောင်ထားသည် ☐<br>ဆေးဆိုင်တွင်ဆေးဝါးများကိုစနစ်တကျသိုလှောင်ထားခြင်းမရှိပါ ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။** သင်တောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ ထို့ကြောင့် ဆင်ဆိပ်ကျေးရွာ ကျေးလက်ဆေးပေးခန်းနှင့် အိမ်မဲပြည်သူ့ဆေးရုံးသို့လည်း သွားရောက်ဆေးကုသမှုခံယူလေ့ရှိကြောင်း သိရှိရပါသည်။

### (၇.၄) ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိမှု

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျစမ်းသပ်စစ်ဆေးထားမှု ရှိပါက ‘ရှိ’၊ မရှိပါက ‘မရှိ’) | **ရေ အရည်အသွေး** (သောက်သုံးရေအရည်အသွေးစမ်းသပ်စစ်ဆေးထားမှုတွင် ‘ရှိ’ ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ ‘မရှိ’ ဟုဖြေဆိုထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့်လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါ က နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| ရေတွင်း | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | ၁၀ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| အဝီစိတွင်း/ တုံကင် | ၆၂ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| မိုးရေ သိုလှောင်ကန် | ၁ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☑ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |

| **ရေရရှိနိုင်မှု** | **အသုံးပြုသော အိမ်ထောင်စု** | **သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု** (စနစ်တကျစမ်းသပ် စစ်ဆေးထားမှု ရှိပါက 'ရှိ'၊ မရှိပါက 'မရှိ') | **ရေ အရည်အသွေး** (သောက်သုံးရေအရည် အသွေးစမ်းသပ်စစ်ဆေး ထားမှုတွင် 'ရှိ' ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ 'မရှိ' ဟုဖြေဆို ထားပါက ဖြေရန်မလို) | **သောက်သုံးရေ ရရှိနိုင်မှုနှင့်လုံလောက်မှု အခြေအနေ** (ရာသီမရွေး ရပါ က နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်) |
|---|---|---|---|---|
| မြစ်/ချောင်းရေ | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| ရေကန် | ၁ | ရှိ ☐ မရှိ ☑ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☑<br>မိုး ☑<br>ဆောင်း ☑ |
| စိမ့်စမ်းရေ | | ရှိ ☐ မရှိ ☐ | ကောင်း ☐ သင့် ☐ ညံ့ ☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာတွင် သောက်သုံးရေရရှိမှုမှာ အဝီစိတွင်း (တုံကင်) တို့မှာ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံးလုံလောက်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာအမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ ယင်လုံအိမ်သာ | ၁၃၉ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| တွင်း/ဇလားအိမ်သာ | - |
| တွင်းမရှိ အိမ်သာ | ၄ |
| အိမ်သာမရှိ | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။ ။** သင်တောကျေးရွာတွင် ရေလောင်း/ယင်လုံအိမ်သာ (၁၃၉) လုံးရှိပြီး စနစ်တကျ သုံးစွဲလျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(၈) ဘေးအန္တရာယ်ထိခိုက်မှု အခြေအနေများ**

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များအခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ) | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ⊟ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ⊟ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား (အခြေအနေ) | **ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၃ | တီဘီရောဂါ | မြင့်☐ လတ် ☐ နိမ့် ⊟ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ⊟ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သင်တောကျေးရွာအနေဖြင့် နှစ်စဉ်နှစ်တိုင်းမိုးရွာမှုများသည့် ဇူလိုင်လမှ သြဂုတ်လအထိမြစ်ရေတက်မှုကြောင့် ကျေးရွာရှိလယ်ကွင်းများအားရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေဧကအနည်းငယ်ပျက်စီးဆုံးရှုံးမှုရှိပါသည်။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

| **အခြေအနေ** | **အခက်အခဲ** | **အန္တရာယ်ရှိမှု**<br>(အခက်အခဲ **'ရှိ'** ဟု ဖြေဆိုထားပါက ဖြေဆိုရန်။ **'မရှိ'** ဟု ဖြေဆိုထားပါက **ဖြေရန်မလို။**) |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | ရှိ ☐ မရှိပါ ☒ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| အပင်မျိုးစိတ်များ | ရှိ ☐ မရှိပါ ☒ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | ရှိ ☒ မရှိပါ ☐ | မြင့် ☒ လတ် ☐ နိမ့် ☐ |
| ရေအရင်းအမြစ် | ရှိ ☒ မရှိပါ ☐ | မြင့် ☒ လတ် ☐ နိမ့် ☐ |
| ငါးမျိုးကွဲများ | ရှိ ☐ မရှိပါ ☒ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | ရှိ ☐ မရှိပါ ☒ | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | ရှိ ☐ မရှိပါ ☒ | မြင့် ☐ လတ် ☐ နိမ့် ☐ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** သင်တောကျေးရွာတွင် သဘာဝအရင်းအမြစ်မြေဆီသြဇာများသည် ယခင်နှစ်များထက်ကောင်းမွန်ခြင်းမရှိပါ။ ပဲပင်များအပင်သေခြင်း၊ ဖျက်ပိုးနှင့်ပိုးမွှားရောဂါများကျရောက်မှုများနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၁၀) ကျား-မ ရေးရာ**

ဇယား (၂၅) ကျား-မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူ များမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ☑ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများ တွင်အမျိုးသမီးများတက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ ☑ | မရှိ ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | ရှိ ☐ | မရှိ ☑ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု | ရှိ ☐ | မရှိ ☑ |

ရင်းမြစ် ... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။ ။** သင်တောကျေးရွာတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသမီးများသည်တက်ကြွစွာပါဝင်လှုပ်ရှားမှုရှိပါသည်။